
# LEARN - CHOOSE - USE




An approach to teacher professional development that empowers teachers with options

FOR TEACHERS | WITH TEACHERS

Teacher FOCUS

# သင်ယူ - ရွေးချယ် - အသုံးပြု

ဆရာများ၏လုပ်ငန်းခွင်အရည်အသွေးများတိုးတက်စေရန် သင်ကြားနည်းဆိုင်ရာရွေးချယ်စရာများ ဖြင့် ကျွမ်းကျင်မှုကိုမြှင့်တင်ပေးသောနည်းလမ်း

Teacher FOCUS

သင်ကြားရေးသည် အထူးလိုအပ်သောအတတ်ပညာအလုပ်အကိုင်တစ်ခုဖြစ်သည်။ ဆရာအသစ်များနှင့် တိုးတက်မှုအတွက်လုပ်ဆောင်နေသော ဆရာများအတွက် ထိုအချက်မှာမှန်ကန်ပါသည်။ ဆရာများအနေဖြင့် သင်ရိုးညွှန်းတမ်းများ၊ များပြားသောကျောင်းသားဦးရေ၊ သင်ထောက်ကူပစ္စည်းများပြင်ဆင်ရခြင်း၊ နှင့်အခြားသော သင်ကြားမှုပြင်ပတာဝန်များကြောင့် လုပ်ငန်းခွင်အရည်အသွေးတိုးတက်ရန်နှင့် တစ်နေ့တာသင်ကြားရေးကိုပြန်လည်သုံးသပ်နိုင်ရန် လုံလောက်သောအချိန်မရှိပေ။ သင်ယူ-ရွေးချယ်-အသုံးပြု (LCU) နည်းလမ်း သည် နေ့စဉ်သင်ကြားရေးအတွက် အထောက်အကူပြုနိုင်ရန် ဆရာများအတွက် ဆရာများနှင့်အတူ အကောင်အထည်ဖော်ထားသောနည်းလမ်းတစ်ခုဖြစ်ပါသည်။ ။ ဆရာများအတွက် သင်ကြားရေးနည်းလမ်းများ၊ စာသင်ခန်း တွင်းလုပ်ဆောင်မှုအစီအစဉ်များကြွယ်ဝနိုင်ရန် ထိရောက်မှုရှိရှိ မိတ်ဆက်ပေးနိုင်ရန် နှင့် ၎င်းတို့၏ သင်ခန်းစာ နှင့် ကိုယ်ပိုင် သင်ကြားမှုပုံစံနှင့် ကိုက်ညီသော သင်ကြားနည်းလမ်းများကို ရွေးချယ်နိုင်ရန် ပံ့ပိုးပေးမည့်ရည်ရွယ်ချက်ဖြင့် (LCU) နည်းလမ်းကို ဖန်တီးထားခြင်းဖြစ်သည်။ လုပ်ဆောင်ရမည့်ပုံစံမှာ ရိုးရှင်းပါသည်။

## ၁. သင်ယူပါ (LEARN)

ကျွန်ုပ်တို့အနေဖြင့်သင်ကြားရေးအတွက် အကောင်းဆုံးနည်းလမ်းမှာ တစ်ခုတည်းသာ မဟုတ်ကြောင်းယုံကြည်ပါသည်။ ကျောင်းသားများ ၏သင်ယူပုံမှာအနည်းငယ်ကွာခြားသကဲ့သို့ ဆရာများအနေဖြင့်လည်း၎င်းတို့၏ ကိုယ်ပိုင် သင်ကြားပုံများ ကိုသင်ကြားရေးတွင်ထည့်သွင်းသုံးလေ့ရှိသည်။ ဆရာများအညွှန်းဘောင်ထဲမှ စံနှုန်းတစ်ခုခုကို တိုးတက်နိုင်ရန်ရည်ရွယ် ၍ဆရာများမှ မတူညီသော နည်းလမ်းများကို သင်တန်းတွင် သင်ယူကြပါသည်။ နည်းလမ်းတစ်ခုစီကိုမည်ကဲ့သို့အသုံးပြုရသည်ကို သရုပ်ပြခြင်းဖြင့် ဆရာတစ်ဦးချင်း၏ စာသင်ခန်းတွင် လှုပ်ရှားမှုများ၊ အစီအစဉ်များ၊ နှင့် နည်းလမ်းများဆိုင်ရာ ကိရိယာသေတ္တာကို တိုးချဲ့ရန်ရည်ရွယ်ပါသည်။

## ၂. ရွေးချယ်ပါ (CHOOSE)

မတူညီသောနည်းလမ်းများကိုလေ့လာကြည့်ရှုသင်ယူ ပြီးပြီဆိုလျှင်ဆရာတစ်ယောက်အနေဖြင့် အညွှန်းဘောင်ထဲမှစံနှုန်းတစ်ခုကိုထိရောက်မှုရှိရှိ လုပ်ဆောင်ပြနိုင်ပြီဖြစ်သည်။(ဥပမာ.စာသင်ခန်းစီမံခန့်ခွဲ ခြင်း၊ တွေးခေါ်မှုစွမ်းရည်မြှင့်တင်ပေးသောလှုပ်ရှားမှုကို မိတ်ဆက်ခြင်း) ထို့နောက် ဆရာတစ်ယောက်ချင်းစီမှ ၎င်းတို့၏နောက်သင်ခန်းစာတွင်အသုံးပြုမည့်နည်းလမ်း အသစ်တစ်ခုကို ရွေးချယ်ရမည်။ သင်တန်းချိန်အတွင်း တွင်ဆရာများအတွက် နောက်သင်မည့်သင်ခန်းစာအတွက် သင်ထောက်ကူပစ္စည်းကြိုတင်ပြင်ဆင်နိုင်ရန် အချိန်ပေးပါသည်။

## ၃. အသုံးပြုပါ (USE)

သင်တန်းချိန်အတွင်းတွင် ဆရာများအတွက် နည်းလမ်းအသစ်များကို စမ်းသပ်သုံးပြီး အခြားဆရာများနှင့် အတူ သရုပ်ပြ နိုင်ရန်လည်းအချိန်ရရှိပါသည်။ သင်တန်းပြီးနောက်တွင် ဆရာများမှ နောက်ဆက်တွဲအနေဖြင့် သင်ကြားမှုကိုကြည့်ရှုခံရပြီး တစ်ဦးချင်းအလိုက် တိုးတက်မှုအတွက် အကြံပြုချက်များပေးခံရပါသည်။ ကျွန်ုပ်တို့ အတွေ့အကြုံအရ ဆရာများ နည်းလမ်းများကို ၎င်းတို့ကိုယ်တိုင်ရွေးချယ်ခွင့်ရလျှင် ထိုနည်းလမ်းများကို နေ့စဉ်သင်ခန်းစာများထဲတွင် ထည့်သွင်းအသုံးပြုနိုင်ချေ ပိုများသည်ကိုတွေ့ရှိရသည်။

# ဆရာများလည်း သင်ယူ-ရွေးချယ်-အသုံးပြု နည်းလမ်းကိုငှင်းတို့ကျောင်းတွင် လည်းအသုံးပြုနိုင်ပါသည်

ဆရာအများစုမှာ သင်ကြားရေးအတွက် သီးခြားလုပ်ဆောင်လေ့ရှိသောကြောင့် ဆရာများ လုပ်ငန်းခွင်အရည်အသွေးတိုးတက်နိုင်စေရန် အတတ်နိုင်ဆုံးအဖွဲ့လိုက်လုပ်ဆောင်ရန် ကျွန်ုပ်တို့အနေဖြင့် အကြံပြုပါသည်။ တစ်ဦးနှင့်တစ်ဦးလည်း အပြန်အလှန်သင်ယူနိုင်ပါသည်။ သင်၏သင်ကြားရေးကိရိယာ သေတ္တာကို တိုးချဲ့နိုင်ရန် သင်ယူ-ရွေးချယ်-အသုံးပြု(LCU) နည်းလမ်း ကို လုပ်ဖော်ကိုင်ဖက်များနှင့်အတူအသုံးပြုသင့်ပါသည်။ ယခုနည်းလမ်းများကို အချို့သောဆရာ၊ဆရာမများမှအသုံးပြုးခဲ့ဖူးမည်ဟုလည်းထင်ပါသည်။ ယခုနည်းလမ်းများကိုအသုံးပြုဖူးသူများထံမှ ပြန်လည်သင်ယူခြင်းကလည်းကောင်းမွန်သောနည်းလမ်းတစ်ခုဖြစ်ပါသည်။







